# 2 အရေးပေါ်အခြေအနေ

ရောဂါနှင့် ဒဏ်ရာသည် ရုတ်တရက် ဖြစ်ပေါ်တတ်သည်။ ထိုသို့ဖြစ်လာပါက မည်ကဲ့သို့ဆောင်ရွက်သင့်သနည်း။ ဆေးရုံကားခေါ်ခြင်း၊ ညနှင့်ဆေးရုံပိတ်ရက်ဖြစ်ခဲ့ပါက အရေးပေါ် ပြသနိုင်သည့်ဆေးခန်း၊ဆေးရုံများအား မိတ်ဆက်ပေးပါသည်။

## 2-1 ရုတ်တရက်အရေးပေါ် ရောဂါ၊ဒဏ်ရာကြောင့်အရေးပေါ် လူနာတင်ယာဉ်ခေါ်လိုလျှင်




ဖုန်းနံပါတ်၁၁၉ကိုအကြောင်းကြားပါ။၁၁၉နံပါတ်သို့အိမ်ဖုန်း၊အများသုံးဖုန်း (စာမျက်နှာ အရေးပေါ်အချိန်1-1(2)အများသုံးဖုန်းဖြင့်ခေါ်ဆိုနည်းတွင်ကြည့်ပါ)၊ လက်ကိုင်ဖုန်း မည်သည် မှ မဆို ခေါ်နိုင်သည်။ ဖုန်းဖြင့်၁၁၉ကို ဆက်လျှင်မီးသတ်အဖွဲ့မှ ကိုင်လိမ့်မည်။ မီးလောင်မှု(Kaji) လား၊ အရေးပေါ်(KyuuKyuu)လား မေးလိမ့်မည်။ ထိုအချိန်တွင်စိတ်အေးအေးထားပြီး အရေးပေါ် (KyuuKyuu)လို့ဖြေပါ။ လူနာ၏ နေရပ်လိပ်စာကို ပြောပြပါ။ ထိုနောက်ဘယ်သူက၊ ဘယ်အချိန်၊ ဘယ်နေရာ၊ ဘယ်လိုဖြစ်တာကို ရှင်းလင်းစွာ ပြောပြပါ။ လူနာဦးရေနှင့် အသက်၊ လိင်(ကျား၊မ) စသည်ကိုလည်း မေးရင်ဖြေကြားပေးပါ။ နောက်ဆုံးတွင်ဖုန်းဆက်သူ၏ နာမည်နှင့် ဖုန်းနံပါတ်ကိုဖြေပေးပါ (စာမျက်နှာအရေးပေါ်အချိန် 1-2(2)ဆေးရုံကား ခေါ်ဆိုနည်း ဥပမာအမေးအဖြေတွင်ကြည့်ပါ)။

ဖုန်းသည်အခမဲ့ဖုန်းဖြစ်သည်။ ဆေးရုံကားသည်အခမဲ့ဖြစ်သဖြင့် ကိုယ်ပိုင်ကား၊ တက္ကစီဖြင့်သွား၍ ရသောပြင်းထန်သည့် ဒဏ်ရာမဟုတ်ပါကအသုံးပြု၍မရပါ။

ထို့ကြောင့်ကိုယ်ပိုင်အရေးပေါ်ကတ် (စာမျက်နှာအရေးပေါ်အချိန် 1-2(1)တွင်ကြည့်ပါ)ကို ကြိုတင်ပြုလုပ်ကာ ကိုယ်နှင့်မကွာယူဆောင်ထားရန်။